

(၁)

ယောစစ်သည် အန်တီဖြူ ဖွင့်ပေးလိုက်သော အိပ်ခန်းတံခါးမှ အတွင်းသို့ လှမ်းဝင်လိုက်ပါသည်။ ခပ်စိမ့်စိမ့်လေး အေးနေသော အိပ်ခန်းကျယ်ထဲမှာ ဖြူဖွေးသော နှစ်ယောက်အိပ်ခုတင်ကြီး တစ်ဖက်စွန်းမှာ ဦးကျော်လင်းက ခေါင်းအုံးနှစ်ခုဆင့်၍ လှဲမှီနေပါသည်။

“ဟော…၊ မင်း ရောက် လာပြီကိုး၊ ထိုင်ကွာ ယောစစ်”

“ဟုတ်ကဲ့ အန်ကယ်၊ အန်တီဖြူ ဖုန်းဆက်တော့ အန်ကယ် ရိုးရိုးပဲ နည်းနည်းပါးပါး ဖျားနာတယ် ထင်နေတာ၊ အန်ကယ်ကလည်း အနားယူဖို့ အိမ်ကို သတင်းလာမမေးနဲ့ ဖုန်းလည်း မဆက်နဲ့ ပြောတယ်ဆိုလို့ ”

“ဟုတ်တယ်ကွ၊ မိတ်ဆွေတွေကတော့ ခင်လို့ မင်လို့ စိုးရိမလို့ သတင်းမေးချင်ကြတာပဲလေ …၊ ဒါပေမဲ့ လူနာမှာ က ပင်ပန်းတယ်ကွ …”

“ဆယ်ရက်လောက်တောင် ရှိပြီနော် အန်ကယ်၊ မသက်သာသေးဘူးလား၊ ဘာဖြစ်တာလဲ အန်ကယ်”

“ရုံးက အလုပ်တွေ အဆင်ပြေတယ်မို့လား”

ဦးကျော်လင်းက အမေးကို မဖြေဘဲ တုံ့ပြန်မေးခွန်းသာထုတ်သည်။

“အားလုံး အဆင်ပြေပြေပါပဲ၊ ပုံမှန်ပဲ အန်ကယ်၊ နောက်ဆံမတင်းပါနဲ့ အေးအေးဆေးအေးသာ နားပါ …”

“စိတ်တော့ မပူပါဘူးကွာ၊ မေးသာကြည့်ရတာပါ၊ မင်းတော့ အလုပ်

ပိုများ နေမှာ ပေါ့”

“ထူးပြီး မပြောပလောက်ပါဘူး အန်ကယ်”

“အေးကွာ၊ အလုပ်ကိစ္စတွေတော့ မမေးတော့ပါဘူး၊ အန်ကယ်လည်း ခေါင်းထဲက ထုတ်ထားတယ် ...၊ မင်းနဲ့ ပဲ ဖြစ်တယ် ဆိုတာလည်း သိနေတာပဲ”

“အလုပ်ကိစ္စ ဘာမှ မပူပါနဲ့ အန်ကယ်၊ ကျန်းမာရေးက အဓိကပါ”

“အေးကွ၊ ကျန်းမာရေးက အဓိကပဲ”

ယောစစ်က ဆယ်ရက်ကုမ္ပဏီကို မလာလိုက်သည့်အတွင်းမှာ ပင် သိသိသာသာ မျက်နှာချောင်ကာ အသားအရေ မွဲခြောက်သွားသော ဦးကျော်လင်းကို အကဲခတ်၍ ကြည့်နေမိပါ သည် ။ ဦးကျော်လင်းဟာ အသက်ငါးဆယ့်ငါးနှစ်ရွယ် ရှိသည့်တိုင် ဟိုးလွန်ခဲ့တဲ့ ငါးနှစ် ခြောက်နှစ် သူတို့ စတင် သိကျွမ်းကြစဉ်တုန်းကထက် ရင့်ရော်မလာဘဲ တောက်လျှောက် နုပျိုအရွယ်တင်သူပါ။

ခုမှ ပဲ ရက်ပိုင်းအတွင်း သိသိသာသာ ကျသွားလိုက်တာ။ ဘာရောဂါ ပါလိမ့်ရယ်လို့ ယောစစ် တွေးမိပါသည် ။ ကျန်းမာရေးလည်း ကောင်းသူ ဖြစ်ပါလျက်။ ဦးကျော်လင်းကို ခုလို မကျန်းမမာသော ရုပ်ရည်နှင့် တွေ့ လိုက်ရတော့ ယောစစ် စိတ်မကောင်းပေ။ သူက ဦးကျော်လင်းကို ခင်မင်သံယောဇဉ် ရှိပါသည် ။

သူ့မှာ အဖေမရှိတော့၍ အဖေလို ဦးလေးသားချင်းလို ပုံစံနှင့်လည်း ချစ်ခင်ပါသည် ။ စတင်သိကျွမ်းခင်မင်သည် မှ တဖြည်းဖြည်းနှင့် အလုပ်တွဲလုပ်ရတာ ကြာ လာလေလေ ... ဦးကျော်လင်းရဲ့ စိတ်နေသဘောထား အကျင့်သိက္ခာ သမာဓိတို့ ကို သိခွင့်ရ လာလေလေ ပိုပြီး ခင်မင်

လေးစား လာလေလေ ...။

သူတို့ ရဲ့ "နေပြည်တော်ကုမ္ပဏီ"ကို သူတို့ နှစ်ဦးလက်တွဲလုပ်ကိုင်လာခဲ့တာ ငါးနှစ်ခွဲ လောက် ရှိခဲ့ပါပြီ။ ဤအတော်အတွင်း သူတို့ နှစ်ဦးရဲ့ ချစ်ကြည်စည်းလုံးမှုက အတော်ကို ရင့်သန် ခိုင်မာခဲ့သည် ။ သူကလည်း ဦးကျော်လင်းကို ဖခင်လို ချစ်ခင်လေးစားသလို ဦးကျော်လင်းကလည်း သူ့ကို သားတစ်ယောက်သဖွယ် ယုံကြည်အားထားချစ်ခင်သည် ။

"အန်ကယ် ကောင်းကောင်း နားလိုက်ရင် နေကောင်းသွားမှာ ပါ၊ အချိန်ဘယ်လောက်ပဲ ကြာပါစေ ... အေးအေးဆေးဆေး နားလိုက်ပါ၊ အန်ကယ်က တခြားရောဂါကြီးတွေ ရှိတာမှ မဟုတ်ဘဲနဲ့ ..."

ဦးကျော်လင်းက ပြုံးသည် ။

"ဒီနေ့လည်း အန်ကယ်လှမ်းခေါ်လို့ သာ လာခဲ့တာ ...၊ အလုပ်ကိစ္စတွေနဲ့ ပတ်သက်လို့ ဆိုရင်တော့ အန်ကယ် ခေါင်းထဲက ထုတ်လိုက်ပါ၊ အားလုံး ဘာမှ မပူပင်နဲ့ ...၊ အခုကော အန်ကယ့် ကြည့်ရတာ နည်းနည်း နွမ်းသလိုပဲ၊ အရေးတကြီး ပြောစရာ မရှိရင် နားပါလား အန်ကယ်"

"နားနေတာပါကွာ ...၊ ဒီနေ့ကတော့ ပြောစရာရှိလို့ လှမ်းခေါ်လိုက်တာပါကွာ ...၊ မင်းကလည်း ခုပဲရောက်တယ်၊ ငါ့ကို နားခိုင်းနေတယ် ..."

"အန်ကယ့် ကြည့်ရတာ ... သိပ် ဖစ်ထ် မဖြစ်သေးလို့ ပါ"

"မင်းနဲ့ ပြောစရာရှိတယ်ကွ ..."

ဦးကျော်လင်းက မလှမ်းမကမ်းလေးမှာ ရပ်နေဆဲ သူ့ဇနီးကို လှမ်းကြည့်လိုက်ရင်း ...

“မိဖြူ … အပြင်မှာ ပဲနေပါ …၊ ကိုယ်တို့ စကားပြောကြဦးမယ် …”

“ဟုတ်ကဲ့ အစ်ကိုကြီး၊ ဘာစားစရာ လုပ်ပေးရမလဲ …”

“နောက်တစ်နာရီလောက်နေမှ တစ်ခုခုလာပို့ပေါ့ …”

“ဟုတ်ကဲ့ အစ်ကိုကြီး …”

အန်တီဖြူက နာခံစွာပင် အခန်းပြင်ကို ထွက်သွားကာ အခန်းတံခါးကို အသာအယာ ပြန်ပိတ်ပေးသွားပါသည် ။ ဦးကျော်လင်းက သူ့ဝမ်းဗိုက်ကို တစ်ချက်ဖိနှိပ်ကာ မျက်နှာ အနည်းငယ် ပျက်သွား၍ …

“ဗိုက်အောင့်တာလား အန်ကယ် …”

“အေးကွ …”

“အန်ကယ် ဘာဖြစ်တာတဲ့ လဲ၊ အစာအိမ်လား …”

“အဲဒါတွေပြောဖို့ ပဲ မင်းကို ခေါ်လိုက်တာ ယောစစ် …၊ မင်းနဲ့ ငါ လက်တွဲလာတဲ့ အချိန် ငါးနှစ် ခြောက်နှစ်ဆိုတာ လူ့သက်တမ်းနဲ့ တွက်ရင် ဘာမှ မရှိသေးတဲ့ ကာလလေးဖြစ်ပေမယ့် မင်းကိုတော့ ငါခင်လည်း ခင် အားလည်း ကိုး စိတ်ထဲကလည်း ရင်းတယ်၊ ပြောနေစရာတောင် မလိုပါဘူး၊ မင်းလည်း ဒီလိုပဲဆိုတာ အန်ကယ် သိပါတယ် …၊ အန်ကယ်တို့ ကံလည်း စပ်ခဲ့ တယ်၊ လက်တွဲလုပ်တဲ့ လုပ်ငန်းက သိပ်ကို အောင်မြင်တယ်၊ တစ်ယောက်ကိုတစ်ယောက် လည်း ယုံကြည်စိတ်ချတယ်”

ဦးကျော်လင်းက စကားရပ်ပြီး အသက်ရှူနေပါသည် ။

“အန်ကယ် … ဒါတွေ ဘာလို့ ပြောနေတာလဲ၊ အန်ကယ့် ကြည့်ရတာ စကားပြောရတာ မောသလိုပဲ …”

“ပြောနိုင်ပါတယ် …၊ ပြောမှ လည်း ဖြစ်မယ် ယောစစ်၊ မပြောလို့

မဖြစ်တော့ဘူး၊ မင်းကို မေးရဦးမယ် ...၊ မင်းနဲ့ ငါနဲ့ စပြီး အလုပ်တူတူ လုပ်ကြ ... ဒီကုမ္ပဏီထူထောင်ကြတော့ ... ခုနစ်နှစ်တိတိ လက်တွဲမဖြုတ်ရဘူးလို့ သဘောတူ စာချုပ်ထားကြတယ်နော် ...”

“ဟုတ်တယ်လေ အန်ကယ် ...”

“ဒီကြားထဲ တစ်ယောက်ကို တစ်ယောက် မကျေနပ်တာ မပြေလည်တာရှိရင်တောင်မှ ခုနစ်နှစ်တော့ လက်တွဲလုပ်ကို လုပ်ရမယ်၊ ခုနစ်နှစ်ပြည့်မှ ရှေ့ဆက်ဖို့ ထပ်ညှိနှိုင်းမယ်၊ ဒီအတိုင်း သဘောတူထားကြတယ် ...”

“ဟုတ်တယ်လေ အန်ကယ် ...”

“ဥပမာကွာ ...၊ ခုနစ်နှစ်ပြည့်ရင် ရှေ့ ဘယ်လိုလုပ်မယ် မင်း စိတ်ကူးထားတာရှိလား၊ ဒီတိုင်း ရှေ့ဆက်လက်တွဲ လုပ်သွားမယ်၊ သို့မဟုတ် ... သီးသန့်ခွဲထွက်သွားမယ် စသဖြင့်ပေါ့ ...”

ယောစစ်က မျက်နှာပျက်သွားရင်း ...

“ငါမေးတာ ဖြေစမ်းပါ ယောစစ်ရာ ...”

“နှစ်ယောက်လုံး အစစ အဆင်ပြေ ချောမွေ့နေတာပဲ အန်ကယ်၊ ခွဲထွက်ဖို့ ခုထိမစဉ်းစား မိသေးပါဘူး”

“ငါက ဆက်မလုပ်ရင်ကော ...”

ယောစစ်က တအံ့တသြနှင့် ခဏငြိမ်ကာ စဉ်းစားပြီးမှ ...

“အန်ကယ်က ခွဲထွက်မှာ မျိုး မဟုတ်ဘူး ... ဆက်မလုပ်တော့မှာ ဆိုရင်တော့ ... အန်ကယ့် ရှယ်ယာကို ကျွန်တော် အမ်းယူချင်တယ် ...၊ တွဲမလုပ်ချင်တော့လို့ လမ်းခွဲကြမယ်ဆိုရင် တော့ ... ဒီနေပြည်တော်ဆိုတဲ့

အမည်ကို ဘယ်သူမှ ဆက်မသုံးရဘူးလို့ သဘောတူစာချုပ် ရေးထားတယ်လေ အန်ကယ်၊ အန်ကယ် တစ်ခုခုကြောင့် ... ဥပမာ နားချင်လို့ ဆက်မလုပ် ချင်တော့ဘူး ဆိုရင်တော့ ဒီနာမည်နဲ့ ပဲ အန်ကယ့်ရှယ်ယာကို အမ်းပြီး ကျွန်တော် ဆက်လုပ်ချင်ပါတယ် ...”

ဦးကျော်လင်း ငြိမ်နေသည်။

“အန်ကယ် ... ဘာဖြစ်လို့ လဲ ... ဘာတွေတွေးနေလို့ လဲ၊ ကျန်းမာရေးကြောင့်လား၊ ကျန်းမာ ရေးကြောင့် ကုမ္ပဏီကိစ္စ အန်ကယ် ဆက်မလုပ်နိုင်တော့ဘူး ဆိုရင်တော့ ... ဘာဘာညာညာ တွေ မပူပါနဲ့ အန်ကယ်၊ ဒီအတိုင်းပဲ ရှေ့ဆက်တာပေါ့ ...၊ အန်ကယ် ကိုယ်တိုင်ကိုယ်ကျ ဝင်မပါဘဲ နားနေပြီး ကျွန်တော် အားလုံးတာဝန်ယူပါ့မယ်၊ ရှယ်ယာတွေလည်း ဒီတိုင်းပေါ့ ...”

“အဲဒါမျိုးပဲ အန်ကယ်လည်း ဖြစ်စေချင်ပါတယ် ...”

“အန်ကယ် ... ပွင့်ပွင့်လင်းလင်း ပြောပါဦး၊ အန်ကယ် တစ်ခုခု တွေးနေသလိုပဲ ...”

“မင်းကို ပြောဖို့ ခေါ်တာပဲ ယောစစ် ...၊ မင်းကိုလည်း ငါ ပထမဦးဆုံးလူအဖြစ် ဖွင့်ပြောမှာ ပါ၊ မိဖြူကိုတောင် ငါ မပြောဘူး၊ မိဖြူက မင်းသိတဲ့ အတိုင်း ... အတန်းပညာလည်း မယ်မယ်ရရ မရှိဘူး၊ ရှစ်တန်းလောက် ရောက်တယ်ဆိုရုံရယ်၊ အောင်တောင် မအောင်ခဲ့ဘူး၊ ငါ့ထက်လည်း ဆယ့်ငါးနှစ်ငယ်တဲ့ ဒုတိယအိမ်ထောင်...၊ ဘာမှ မသိမတတ် နားမလည် ... ဗဟု သုတ အရည်အချင်းလည်း ဘာမှ မရှိတဲ့ ရိုးအ,ပြီး အေးအေးတုံးတုံးမိန်းမ ...၊ ယောက်ျားကို အားကိုးမယ်၊ ရိုကျိုးပြုစုမယ်၊ ဘာအစွယ် ဘာအဆိပ်မှ မရှိသလို ... ဘာ အရည်အချင်းမှ လည်း မရှိတဲ့ မိန်းမတစ်ယောက် ...၊ ဒီစကားကို သူ့ကို ငါ မပြောဘူး၊ ပြောရင် သူ ငိုမ

ယ် …၊ စိတ်ဆင်းရဲပြီး ပူပန်သောကတွေ ရောက်နေရုံအပြင် ဘာမှ အကျိုးမရှိဘူး …”

“ဘာများ လဲ အန်ကယ် …၊ ကျွန်တော့်ကို သားတစ်ယောက်လို သဘောထားပြီး တိုင်ပင် နိုင်ပါတယ်၊ ကျွန်တော်တတ်နိုင်သမျှ အစွမ်းကုန် ကူညီပါ့မယ် …”

“မင်းကို သားလို သဘောထားပါတယ် ယောစစ် …၊ ဒါပေမဲ့ မင်း ဘာမှ ကူညီလို့ တော့ မရဘူး …”

“ဘာမို့လို့ လဲ အန်ကယ် …”

ဦးကျော်လင်းက မသဲမကွဲ တစ်ချက်ပြုံးလိုက်ပြီးမှ …

“အန်ကယ် အခုဖြစ်နေတာ … စီအေလစ်ဗာ …၊ အတော်လည်း ကျွမ်းနေပြီ …”

“ဗျာ”

ယောစစ်သည် ကြက်သီးမွေးညင်းတွေ ထ,သွားသည် ထိ မယုံကြည်နိုင်အောင် အံ့သြ စိတ်မကောင်း ဖြစ်သွားပါသည်။ အသည်းကင်ဆာတဲ့ ။

“အန်ကယ် …”

ယောစစ် မျက်နှာအကြီးအကျယ် ပျက်သွားတာကို ဦးကျော်လင်းက ကြည့်ကာ နှစ်သိမ့်သလို ပြုံးပြရင်း …

“စိတ်မကောင်း မဖြစ်နဲ့ ယောစစ်၊ စီအေလစ်ဗာလို့ အမည်တပ်ပြီး သိရတာ နှစ်လလောက် တောင် ရှိပါပြီ …၊ အဆုတ်ကိုလည်း ပြန့်နေပြီ …၊ ဒါပေမဲ့ အန်ကယ် ဘယ်သူ့ကိုမှ မပြောဘူး၊ ဘာမှ လဲ ဝေဒနာသိပ်မ

ခံစားရတော့ စိတ်ကို ဖွတ်မေ့ပျောက် ဖြေသိမ့်ပြီး လူကောင်းလိုပဲ ကိုယ့်ကိုယ်ကိုယ် ဟန်ဆောင်နေခဲ့တယ်၊ ဒါပေမဲ့ အခုတော့ ဝေဒနာက ခံစားလာရပြီကွ ...၊ အထဲကနာတယ်၊ တချက်တစ်ချက်များ အတော်ဆိုးတိုးရှားရှားနာတယ် ...၊ ဒေါက်တာကျော်ဇံကလည်း သူငယ်ချင်းဆိုတော့ ... ပွင့်ပွင့်လင်းလင်းပဲ ပြောခိုင်းထားတာ ဆိုတော့ ... အန်ကယ် နောက်ထပ်နေလှ ... နှစ်လလောက်ပဲလို့ သူပြောပြတယ်”

“ဗျာ”

ယောစစ်သည် စိတ်ထိခိုက်လှ၍ မျက်နှာပြင်တွေ နီရဲလာပါသည် ။ လုံးဝမမျှော်လင့် သော စကားတွေကို ကြားရတာမို့ အငိုက်မိသလို ယုံကြည်လက်သင့်ခံဖို့ လည်း ရုတ်တရက်ခက်။ လိမ်ညာနောက် ပြောင်စရာ အကြောင်းအရာလည်း မဟုတ်။ ဦးကျော်လင်း အဖို့ ကလည်း နောက်လား စ,လား လုပ်တတ်သည့် လူစားလည်း မဟုတ်၍ သာ လက်မခံမဖြစ် လက်ခံရတော့မှာ ဖြစ်ကာ ... ယုံကို မယုံချင်ပါ။

“နှစ်လ ...၊ နှစ်လ ဆိုတာကတော့ ...”

“ဟုတ်ချင်မှ ဟုတ်မှာ ပါလို့ ဖြေမတွေးနဲ့ ယောစစ်၊ နှစ်လဆိုတာ အလွန်ဆုံးလို့ မှန်းထားတာ၊ အနည်းဆုံးလို့ မှန်းထားတာ မဟုတ်ဘူး ...”

“ဖြစ်မှ ဖြစ်ရလေ အန်ကယ်ရာ ...၊ ကျွန်တော် စိတ်မကောင်းဘူး ...”

“မတတ်နိုင်ဘူး ယောစစ်...၊ အန်ကယ်လည်း နေချင်သေးတာပေါ့ ...၊ သမီးလေး ငယ်နှောင်း ဆိုရင် ဆယ့်တစ်နှစ်သမီးပဲ ရှိသေးတယ်၊ အန်ကယ် ဘယ်သေချင်ဦးမလဲ ...၊ မိဖြူကလည်း မလုပ်တတ် မကိုင်တတ် ...”

“အန်တီဖြူနဲ့ ငယ်နှောင်း အတွက် အန်ကယ် တွေးမပူပါနဲ့ ၊ အန်က

ယ်ရှိတုန်း အန်ကယ် အလုပ်လုပ်တုန်းကလိုပဲ ပြည့်စုံရပါစေမယ် အန်ကယ်၊ ဒါအတွက် လုံးဝမပူပါနဲ့ ၊ ဒါကြောင့် အန်ကယ်က ... လုပ်ငန်းခွဲမှာလား ဘာလား မေးတာကိုး ... အန်ကယ် မလုပ်တော့ဘူးဆို ရင် ... ကျွန်တော် ငွေအမ်းပြီး တစ်ဦးတည်းပိုင် ဆက်လုပ်ချင်တယ် ဆိုပေမယ့် ဒီအခြေအနေ အရဆိုရင် ဒီကုမ္ပဏီကို ကျွန်တော် နှစ်ဦးရှယ်ယာအဖြစ်နဲ့ပဲ တာဝန်ယူ လုပ်ပေးသွားပ့ါမယ်၊ ခွဲလည်း မထွက်ပါဘူး၊ ငွေလည်း မအမ်းပါဘူး၊ အန်ကယ် မစိုးရိမ်ပါနဲ့ ...”

“အေးကွာ ...၊ အန်ကယ်ကလည်း အဲလို ဖြစ်စေချင်တာပါ၊ အန်ကယ့် မိသားစုအတွက် လုပ်ငန်းတစ်ခု ရှိနေစေချင်တယ်လေ ...”

“စိတ်ချပါ အန်ကယ် ... ကျွန်တော် အားလုံးဆက်လုပ်ပေးပ့ါမယ် ...”

“အန်ကယ့် အရင်အိမ်ထောင် ဆုံးသွားတာ ယောစစ် သိတယ်နော် ...”

“အန်ကယ် ပြောဖူးပါတယ် ...”

“အေး ...၊ အဲဒီအိမ်ထောင်နဲ့ အန်ကယ့်မှာ သမီးကြီးတစ်ယောက် ရှိသေးတယ် ...”

“ဩော် ... ဒါတော့ ကျွန်တော် မသိဘူး အန်ကယ် ...”

“အန်ကယ် နောက်အိမ်ထောင်ပြုတော့ ... သူက စစ်ကိုင်း အမရပူရက ... သူ့အမေအမျိုး တွေနဲ့ သွားနေတယ်၊ အခု အသက်နှစ်ဆယ့်သုံးနှစ်ရှိပြီ ...၊ သူတို့ တစ်မျိုးလုံး စီးပွားဥစ္စာ တောင့်တင်းကြတယ်၊ အခု သမီးကြီးကလည်း ... လွန်းနှစ်ရာသုံးရာ ကြိုးကြီးချိတ်တွေ ယက်တဲ့ ယက်ကန်းရုံလုပ်ငန်းကို သူ့ဟာသူ ဦးဆောင်စီးပွားရေး လုပ်နေသူပဲ”

"ဟုတ်ကဲ့ ..."

"သူ့မိထွေးနဲ့ သူ့ညီမအတွက် သမီးကြီးကို အန်ကယ်က စိတ်ချပါတယ်၊ သူဟာ ဝတ္တရားအရ ရော ... စေတနာအရရော ကြည့်ရှုစောင့်ရှောက် စီမံပေးသွားမယ့်သူပါ၊ သူ့မှာ သူ့စီးပွားရေး သူ ရှိပေမယ့် အန်ကယ်ပိုင်တဲ့ ခြံတွေ တိုက်တွေ ကားတွေ လုပ်ငန်းအပါအဝင်ဟာ ... သမီးကြီးနဲ့ ငယ်နှောင်း တစ်ယောက်တစ်ဝက် ပိုင်ဆိုင်ခွင့် ရှိတာတွေပဲပေါ့ ..."

"ဟုတ်ကဲ့ ..."

"မိဖြူက ဘာမှ နားမလည် ... ငယ်နှောင်းကလည်း သိပ်ငယ်သေးတော့ အလုပ်ကိစ္စ အဝဝကို သမီးကြီးနဲ့ ပဲ ယောစစ် တိုင်ပင်လက်တွဲ လုပ်ကိုင်သွားပါ ..."

ယောစစ်က ခေါင်းကိုညိတ်လိုက်ရင်း ...

"ဟုတ်ကဲ့ပါ အန်ကယ် ..."

"ဒီထက်ကိုတိုးပြီး အခွင့်အရေး တောင်းသလို တောင်းဆိုချင်သေးတာက ..."

"ပြောပါ အန်ကယ်၊ ကျွန်တော့်ကို အားမနာပါနဲ့ ၊ တတ်နိုင်တာမှန်သမျှ ကျွန်တော် လုပ်ပေးမှာ ပါ ..."

"ဒီစကားက ... အလုပ်သဘော မဟုတ်ပါဘူး ယောစစ်၊ အန်ကယ့်တစ်ကိုယ်ရည်ဆန္ဒပါ ...၊ ဖြစ်နိုင်မယ်ဆိုရင် ဒီကုမ္ပဏီပါ ဘယ်တော့မှ မပြိုကွဲဘဲ ဥမကွဲ သိုက်မပျက် ဖြစ်သွားအောင် သမီးကြီးကို ယောစစ်နဲ့ အန်ကယ်က ပေးစားချင်နေတာပဲ ..."

"ဟာ ... အန်ကယ် ..."

ယောစစ် အလန့်တကြား ဖြစ်သွားရခိုက် ဦးကျော်လင်းက လက်ကာရင်း ...

"အန်ကယ် ပြောပါရစေဦး၊ ကုမ္ပဏီကြီး ဥမကွဲ သိုက်မပျက်ရုံ တစ်ခုနဲ့ တော့ အန်ကယ် ဒီလောက်ထိ စိတ်မကူးပါဘူး၊ အဓိက,က ... ငါးနှစ်ခွဲလောက် အနီးကပ်လက်တွဲလာတဲ့ ယောစစ်ကို သမက်တစ်ယောက်အဖြစ် အန်ကယ် သိပ်သဘောကျမိလို့ ပဲ၊ ယောစစ်နေရာမှာ တခြားလူတစ်ယောက်ဆို ဒီစိတ်ကူး ပေါ်ချင်မှ ပေါ်မှာ ပါ၊ ယောစစ်ကတော့ ကိုယ့်မျက်စိ အောက်က လူတော်လူကောင်း တစ်ယောက် ဖြစ်နေတယ်၊ ရည်းစားမရှိတာလည်း သိနေတယ်၊ မင်းရဲ့ စိတ်နေသဘောထား၊ အကျင့်စာရိတ္တတွေကလည်း ဘာအစွန်းအထင်းမှ မရှိဘဲ သဘောကျဖို့ ကောင်းနေတယ်၊ မင်းကို အန်ကယ်ကိုယ်၌ က သားလိုချစ်ခင်တာလည်း ပါတယ် ယောစစ် ..."

ယောစစ်သည် ဦးကျော်လင်း စကားနှင့် နွေးထွေးသောလေသံကြောင့် ဝမ်းနည်းသလို ဖြစ်မိရပါသည် ။

"သမီးဘက်ကိုလည်း ပြောပြဦးမယ်၊ သမီးကြီးနာမည်က ပယင်းလင်းတဲ့ ၊ အသက်နှစ်ဆယ့် သုံး၊ အင်္ဂလိပ်စာအဓိကနဲ့ ဘွဲ့ရပြီးသား၊ သူ့အဘွားတွေ ကြီးဒေါ်အပိုုကြီးတွေက ဘိုးစဉ်ဘောင်ဆက် သူဌေးမျိုးမို့ သူပိုင်ဆိုင်ရမယ့် အမွေအနှစ်ကတော့ မနည်းဘူးပေါ့ ...၊ သမီးကြီးက စိတ်ဖြောင့်တယ်၊ သူ့ကိုယ်သူ ယုံကြည်အားကိုးတဲ့ စိတ် သာမန်ထက်ပိုတယ်၊ ကြိုးစားတယ်၊ နူးတော့ မနူးညံ့ဘူး ...၊

"ရုပ်ရည်ရူပကာ အနေနဲ့ ကတော့ သူ့အမေဟာ မိဖြူထက် အများကြီး ပိုချော ပိုလှတော့ အန်ကယ့်ဆီက ရနိုင်တဲ့ အလှ ... အမေဆီက ရနိုင်တဲ့ အလှတွေ စုယူထားတယ် ဆိုရအောင် ... သမီးကြီးက လှပါ

တယ် … ခြုံပြောရရင် သမီးကြီးဟာ ဇနီးကောင်းတစ်ယောက် အရည်အချင်း အားလုံး ပြည့်ဝပါတယ်၊ ချို့ယွင်းချက် မရှိပါဘူး …”

ယောစစ်သည် မျက်နှာခပ်ပူပူနှင့် ….

“ဒါ … ဒါပေမဲ့ အန်ကယ်ရာ …၊ ဒီလိုပြည့်ဝတဲ့ အမျိုးသမီး တစ်ယောက်မှာ သူ့ဟာနဲ့ သူ ချစ်သူရှိနေနိုင်တာပါ၊ အန်ကယ်က ဆန္ဒရှိပေမယ့် …”

“သမီးကြီးမှာ ချစ်သူမရှိပါဘူး၊ အန်ကယ် မေးပြီးပါပြီ၊ ကုမ္ပဏီရဲ့ ပါတနာ ယောစစ် ဆိုတာနဲ့ သဘောတူတယ်လို့ တောင် ပြောပြီးပါပြီ …”

“ဟာ … အန်ကယ် …”

“အပေါ်ယံလောက်ပဲ စကားဦးသန်းထားတာပါ …၊ နှစ်ယောက်စလုံးကို အန်ကယ်က ဇွတ်ပြောမှာ တော့ မဟုတ်ပါဘူး၊ ဆန္ဒလေး ပြောပြပြီး တွေ့ဆုံဆွေးနွေးကြည့်စေချင်ရုံလောက် ပါ၊ ကိုယ်စီ လက်ခံနိုင်မှ ရှေ့ဆက်အကောင်အထည်ဖော်ဖို့ ပါ၊ အဲဒါ မင်းဘက်က ဘယ်လို သဘောရသလဲ ယောစစ် …”

ယောစစ်က ခေါင်းငုံ့နေရာမှ မော့လျက် …

“လုပ်ငန်းအတူလက်တွဲ လုပ်လာတာ ငါးနှစ် ခြောက်နှစ် ဆိုပေမယ့် အန်ကယ့်ကို အဖေလို ဦးလေးသားချင်းလို သဘောထားခဲ့တာပါ အန်ကယ်၊ အခု အန်ကယ့်ဆန္ဒဟာ ကျွန်တော့် အပေါ်လည်း စေတနာထားတဲ့ ဆန္ဒမျိုးပါ …၊ အဘက်ဘက်က ပြည့်စုံတဲ့ အန်ကယ့်သမီးနဲ့ သဘောတူတယ်ဆိုတဲ့ စကားကို အပြောခံရတာကိုပဲ ကျွန်တော်က ဂုဏ်ယူကျေနပ်ရမှာ ပါ၊ ကျေးဇူးတင်ရမှာ ပါ အန်ကယ် …”

“ဒါပေမဲ့ ဒီကိစ္စက အင်မတန် နူးညံ့သိမ်မွေ့တဲ့ ကိစ္စမျိုးဖြစ်တော့ …

မိန်းကလေးဖြစ်တဲ့ အန်ကယ့်သမီးကြီး သဘောထားကို ဦးစားပေး အရင်မေးပါဦး ...၊ အန်ကယ်ကလည်း ဇွတ်ကြီးနားချ စီစဉ်တာ မဟုတ်တဲ့ အတွက် ကျွန်တော်တို့ ချင်း တွေ့ဆုံညှိနှိုင်းကြည့်ဖို့ ဆိုတာလောက်က လည်း ဘာမှ အပန်းမကြီးပါဘူး ...

"တွေ့ဆုံကြည့် စကားပြောကြည့် ညှိနှိုင်းကြည့်လို့ လက်သင့်ခံနိုင်ကြတယ် ငြင်းစရာမရှိဘူး ဆိုရင်တော့ အန်ကယ် စိတ်ချမ်းသာရမှာ ပေါ့ ...၊ မတော်တဆများ မပြေလည်တာလေး သဘောထား မတိုက်ဆိုင်တာလေး ရှိခဲ့လို့ ဒီကိစ္စ မဖြစ်မြောက်ရင်လည်း အန်ကယ် စိတ်ဆင်းရဲပါနဲ့ လို့ ..."

ဦးကျော်လင်းက ပြုံးသည်။

"ဒီလောက် ကြားရတာ အတော်ကျေနပ်စရာ ကောင်းတာပေါ့၊ မင်းတို့ ချင်း မြင်တောင်မြင်ဖူး သေးတာမှ မဟုတ်တာနော် ...၊ အခုက လဆန်းရက် ...၊ အန်ကယ်ကလည်း ကိုယ့်အချိန် ကိုယ်တွက်ချက်ကြည့်ထားတော့ ... လကုန်ရက်မှာ ရန်ကုန်လာဖို့ သမီးကြီးကို မှာ ထားပါ တယ်၊ သူ ရောက်လာလိမ့်မယ်"

ယောစစ်က ဦးကျော်လင်းကို စိတ်ထိခိုက်စွာ ကြည့်နေမိသည်။

"ဒီကိစ္စ ဖြစ်မြောက်ရင် ငါ အသေဖြောင့်မှာ ပဲ၊ လုပ်ငန်းကြီးအတွက် လည်း ပူစရာမလိုတော့ဘူး၊ မိဖြူနဲ့ ငယ်နှောင်းဆိုလည်း မင်းက ချစ်ခင် သံယောဇဉ်ရှိပြီးသားဆို တော့ တခြားသူတွေထက် စိတ်ချရတယ်၊ စည်းစည်းရုံးရုံး တင့်တင့်တယ်တယ်ကလေး ကျန်ရစ်ခဲ့ကြမှာ တွေးရင် ပီတိဖြစ်တယ်ကွာ ...၊ မင်းကို ဒီစကား ပြောတဲ့ အတွက် ငါ မတရား မဖြစ်ပါဘူးနော် ..."

"မဖြစ်ပါဘူး အန်ကယ်၊ သမီးရဲ့ ဖခင်တစ်ယောက် အနေနဲ့ အန်က

ယ် ဒီလိုဆန္ဒမျိုး ပေါ်ပေါက်တာ သဘာဝကျပါတယ်”

“ကျေးဇူးတင်ပါတယ်ကွာ ...၊ ဖြစ်တာတော့ ဖြစ်စေချင်တယ်၊ ဒါပေမဲ့ ငါ ဘယ်သူ့ဘက်ကိုမှ ပရက်ရှာ မပေးပါဘူးကွာ ...”

“တကယ်လို့ မဖြစ်မြောက်ခဲ့ရင်လည်း အန်ကယ့်မိသားစုအတွက် ဘာမှ ပူပင်သောက မထားပါနဲ့ အန်ကယ်၊ အစစ ကူညီစောင့်ရှောက်သွားမှာ ပါ”

ယောစစ် လှိုက်လှိုက်လှဲလှဲ ပြောမိပါသည် ။

ငယ်နှောင်းလင်း ဆိုတဲ့ အငယ်မလေးနှင့်တော့ ချစ်ခင်ရင်းနှီးပါရဲ့ ။ ပယင်းလင်း ဆိုသည့် သမီးကြီးကိုတော့ ခုမှ ကြားဖူးတာပါ။ သူတစ်ကြိမ်မှ မမြင်ဖူးသော မိန်းမတစ်ယောက် ဖြစ်ပေမယ့် ဦးကျော်လင်း သူ့အပေါ်ထားသော စေတနာနှင့် သံယောဇဉ်ကို နှစ်ပေါင်းများ စွာနားလည်ပြီးသားမို့ ခါးခါးသီးသီး ငြင်းဖို့ သူ့၌ ဆန္ဒမရှိ။

ကံကြမ္မာပါလာလျှင်လည်း ဖြစ်မြောက်လိမ့်မည်။ ကံကြမ္မာပါမလာလျှင်လည်း မဖြစ်မြောက်ဘူးပေါ့ ...။ လောလောဆယ်မှာ ဦးကျော်လင်းကို သနားကရုဏာသက်သာ ... ဦးကျော်လင်း အခြေအနေကို မယုံနိုင်လောက်အောင် အံ့ဩစိတ်မကောင်းဖြစ်နေခြင်းသာလျှင် ယောစစ် ရင်ထဲ ကြီးမားပြည့်သိပ်နေပါသည် ။

“ကန်းမာအောင်နေပါဦး အန်ကယ်၊ အချိန်ကျန်တော့တာ မဟုတ်ဘူး ဆိုပြီး ဘာမှ ဂရုမစိုက် တော့ မနေပါနဲ့ ၊ ဆရာဝန် ဘာပြောပြော ကိုယ့်အသက်ကို တတ်နိုင်သလောက်တော့ ကိုယ့် ဟာကိုယ်လည်း ဆွဲဆန့်ရမှာ ပဲ ...”

“သူတို့ အတွက် စိတ်ချရရင်ပဲ ကျေနပ်ပါပြီကွာ ...”

ယောစစ်က ဦးကျော်လင်းကို ဝမ်းပန်းတနည်း စိုက်ကြည့်နေမိပါသည် ။

*